


ဟောကြားသူ
ဥက္ကဋ္ဌကြီး ဟင်နရီ ဘီ အိုင်းရင်း
ပထမဥက္ကဋ္ဌအဖွဲ့၏ပထမအကြံပေးကောင်စီဝင်

# အောက်မေ့ခြင်း၊ သတိရခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းပါ

ဘုရားသခင်သည် ကျွန်ုပ်တို့သူ့ထံမှ မည်သည့်ကောင်းကြီးကို မဆို ရရှိသောအခါ၌ သူ့အားကျေးဇူးတော်ချီးမွမ်းခြင်းကို ပြုရန်လိုလားပါသည်။ ကျေးဇူးတော်ချီးမွမ်းခြင်းအားကျွန်ုပ်တို့သည် စိတ်ခံစားချက်မပါပဲ လွယ်ကူစွာဆုတောင်းလေ့ရှိကြသည်။ မကြာခဏကျွန်ုပ်တို့သည် ထိုစကားစုအားထပ်ကာထပ်ကာပြောဆိုနေသော်လည်း ကျွန်ုပ်တို့စိတ်အတွင်းမှ ဘုရားသခင်အပေါ်တွင် ကျေးဇူးတင်ခြင်းအား ဘုရားသခင်၏နှလုံးသားသို့ လက်ဆောင်အဖြစ် ပို့ဆောင်ခြင်းမရှိဖြစ်နေခဲ့ကြသည်။ ကျွန်ုပ်တို့သည် “ကျေးဇူးတော်ကို . . . ဝိညာဉ်တော်သို့” ပို့ဆောင်ရမည်ဖြစ်သည်။ (ယုံကြည်ခံယူချက်နှင့် ပဋိညာဉ်ကျမ်း ၄၆း၃၂) ကျွန်ုပ်တို့သည် ဘုရားသခင်ထံပေးသနားတော်မူသောအရာများကို စစ်မှန်သောကျေးဇူးတင်ရှိခြင်းဖြင့် နားလည်ခံစားနိုင်ပါသည်)။

ဘုရားသခင်ကျွန်ုပ်တို့အတွက် ပြီးစီးခဲ့သောအရာအားလုံးမှအစိတ်အပိုင်းတစ်ခုကိုပင်လျှင် ကျွန်ုပ်တို့မည်ကဲ့သို့ သတိရနိုင်မည်နည်း။ ကယ်တင်ရှင်သခင်မှ သန့်ရှင်းသောဝိညာဉ်တော်မှတဆင့် ကျွန်ုပ်တို့ကို သင်ကြားခဲ့သော အမှတ်ရစေခြင်းလက်ဆောင်အား နောက်လိုက်တော်ရှင်ယောဟန်မှ ဤကဲ့သို့မှတ်တမ်းတင်ထားခဲ့သည်။ “ခမည်းတော်သည် ငါ့အတွက်ကြောင့် စေလွှတ်တော်မူသော ဥပဒ္ဒါယ်ဆရာတည်းဟူသော သန့်ရှင်းသောဝိညာဉ်တော်သည်သင်တို့အားခပ်သိမ်းသောအရာတို့ကို ပြသသွန်သင်တော်မူ၍၊ ငါပြောခဲ့သမျှသောစကားတို့အတွက် မှတ်မိသော ဉာဏ်အား သင်တို့ကိုပေးတော်မူမည်။” (ရှင်ယောဟန် ၁၄း၂၆)

သန့်ရှင်းသော ဝိညာဉ်တော်မှ ဘုရားသခင်သည် ကျွန်ုပ်တို့အား သင်ကြားခဲ့သည့် အောက်မေ့ဖွယ်များကို ပြန်လည်သယ်ဆောင်လာခဲ့ပါသည်။ ဘုရားသခင်၏ကောင်းချီးနှင့်အတူကျွန်ုပ်တို့အားသင်ကြားသောနည်းလမ်းများထဲမှ နည်းလမ်းတစ်ခုမှာ အကယ်၍သင်သည် ယုံကြည်ခြင်းအား လေ့ကျင့်တည်ထောင်ခြင်းအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်မှ ကျွန်ုပ်တို့၏အမှတ်ရစေခြင်းအား ဘုရားသခင်၏ကရုဏာတော်ထံသို့ ခေါ်ဆောင်သွားမည်ဖြစ်သည်။

ယနေ့ပင် သင်၏ဆုတောင်းခြင်းအားစမ်းသပ်ကြည့်ပါ။ “သင်သည်ကယ်တင်ရှင်သခင်နှင့်သင်၏ဘုရားသခင်အား အရာအားလုံးအတွက်ကျေးဇူးတင်လိမ့်မည်”ဟူသောအဆိုအမိန့်အားလိုက်လျှောက်ခြင်းပြုနိုင်လိမ့်မည်ဖြစ်သည်။ (ယုံကြည်ခံယူချက်နှင့်ပဋိညာဉ်ကျမ်း ၅၉း၇)

ဥက္ကဋ္ဌကြီး အက်ဇာရာ တပ်ဖ် ဘင်စင် (၁၈၉၉–၁၉၉၄)မှ ဆုတောင်းခြင်းအားအချိန်ပေးလုပ်သင့်ကြောင်းကို “တစ်ခါက ပရောဖက်ဂျိုးဇက်မှပြောကြားသည်မှာ နောက်ပိုင်းကာလသန့်ရှင်းသူများအသင်းတော်၏အားနည်းချက်များထဲမှ အကြီးမားဆုံးသောအားနည်းချက်မှာ ကျေးဇူးတော်အားမသိတတ်သောအကုသိုလ်မှ အပြစ်ဖြစ်ခြင်းပင်ဖြစ်သည်။ ကျွန်ုပ်ထင်သည်မှာ ကျွန်ုပ်တို့အားလုံးသည် ထိုအရာအားကြီးမားသောအပြစ်ဟု တစ်ခါမျှ မတွေးမိကြခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့၏ဆုတောင်းခြင်းများနှင့် ဘုရားသခင်ထံမှ နောက်ထပ်ကောင်းချီးများကို တောင်းလျှောက်ရမည်မှာ ကျွန်ုပ်တို့အတွက် အကြီးမားဆုံးသောဝတ္တရားပင်ဖြစ်ပါသည်။ ကျွန်ုပ်ခံစားရသည်မှာ ကျွန်ုပ်တို့သည် အများစုသော ဆုတောင်းခြင်းများတွင် စိတ်အားထက်သန်စွာ ကျေးဇူးတင်ခြင်းကိုဖော်ကျူး၍ ရရှိခဲ့ပြီးသော ကောင်းချီးများအတွက် ကျေးဇူးတော်ချီမွမ်းရန် လိုအပ်ကြောင်းပင်ဖြစ်သည်။ ထိုအခါတွင် ကျွန်ုပ်တို့သည် ကောင်းချီးများဖြင့်ပျော်ရွှင်ရမည်ဖြစ်သည်။[၁]

သင်သည်လည်း သန့်ရှင်းသောဝိညာဉ်တော်၏ လက်ဆောင်နှင့်အတူ ထိုကဲ့သို့သောအတွေ့အကြုံမျိုးရရှိနိုင်ပါသည်။ သင်သည်ကျေးဇူးတင်ခြင်းများနှင့်အတူ ကိုယ်ပိုင်ဆုတောင်းခြင်းဖြင့် စတင်သင့်ပါသည်။ သင်သည် သင်ရရှိသော ကောင်းချီးများကိုပြန်လည်ရေတွက်ခြင်းဖြင့်စတင်ပြီး အချိန်အနည်းငယ်မျှရပ်နားလိုက်ပါ။ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်၏လက်ဆောင်နှင့်အတူ ယုံကြည်ခြင်းစိတ်၌ကိန်းအောင်းသောအခါတွင် သင်၏စိတ်အစဉ်တွင် အခြားသောကောင်းချီးများကို ပြန်လည် သတိရအောက်မေ့လာမည်ဖြစ်သည်။ သင်သည် စိတ်အစဉ်တွင် ပြန်လည်သတိရလာသော အရာတစ်ခုခြင်းစီအတွက် ကျေးဇူးတော်ချီးမွမ်းပါ။ ထိုချီးမွမ်းခြင်းအား ပုံမှန်ပြုလုပ်သည်ထက် အနည်းငယ် ပိုမိုကြာမြင့်စွာ ပြုလုပ်ပါ။ အောက်မေ့ခြင်းများသည် သင့်ထံသို့ဝင်ရောက်လာပြီး ကျေးဇူးတော်ကို ခံစားရမည်ဖြစ်သည်။

သင်သည်လည်း သင်၏ခရီးတစ်လျှောက်တွင အရာအားလုံးကို ရေးမှတ်တမ်းတင်ခြင်းဖြင့် ကြိုးစားသင့်သည်။ သန့်ရှင်းသောဝိညာဉ်တော်မှ လူအပေါင်းအား ဟိုးယခင်ကနဦးမှပင် ကူညီနေကျဖြစ်ပါသည်။ မောရှေကျမ်းတွင်ပြောကြားထားသည် ကိုသင်မှတ်မိပါသလား “အာဒမ်၏ဘာသာစကားဖြင့်ရေးဖွဲ့မှတ်တမ်းတင်ထားသော အောက်မေ့ခြင်းစာအုပ်ကို သိမ်းဆည်း ထားခဲ့ပါသည်။ ထိုစာအုပ်သည်ကား ဘုရားသခင်ရွေးနုတ်တော်မူခဲ့သူများမှ ဝိညာဉ်၏စေ့ဆော်မှုဖြင့် ရေးမှတ်ထားခဲ့ခြင်း ဖြစ်ပါသည်။” (မောရှေ ၆း၅)

ဥက္ကဋ္ဌကြီး စပင်ဆာ ဒဗလျူ ကင်းဘော (၁၈၉၅–၁၉၈၅) က ထိုဝိညာဉ်စေ့ဆော်မှုဖြစ်စဉ်အား ခွဲခြမ်းစိတ်ဖြာပြသည်မှာ “ထိုကဲ့သို့အောက်မေ့ခြင်းစာအုပ်ကို သိမ်းဆည်းထားသူသည် သူ၏နေ့စဉ်ဘဝ

အတွင်း သခင်ဘုရားအားအောက်မေ့ခြင်း ကိုထိန်းသိမ်းထားသကဲ့သို့ ပင်ဖြစ်သည်။ နေ့စဉ်မှတ်တမ်းများသည် ကျွန်ုပ်တို့ရရှိသောကောင်းကြီးများအားရေတွက်ခြင်းနှင့် နောင်လာနောက်သားများအတွက် ကျွန်ုပ်တို့ရရှိခဲ့သော ကောင်းကြီးများကို မှတ်တမ်းအသေးစိတ်အဖြစ်ထားရှိခဲ့ခြင်း ပင်ဖြစ်သည်။"[၂]

သင်သည် မှတ်တမ်းတင်ခြင်းအား စတင်သောအခါ သင့်ကိုယ်သင်ပြန်လည်မေးမြန်းရမည်မှာ "ဘုရားသခင်သည် သင့်အား မည်ကဲ့သို့ကောင်းကြီးပေးပြီး ထိုအရာများကိုယနေ့တွင် သင်ချစ်မြတ်နိုးပါသလား။" သင်သည် ထိုအရာကို မကြာခဏ ဆိုသလိုယုံကြည်ခြင်းဖြင့် ပြုလုပ်ပါက သင်ကိုယ်တိုင်သင်၏ အောက်မေ့ခြင်းကောင်းကြီးများကိုတွေ့ရှိလိမ့်မည်ဖြစ်သည်။ တစ်ခါတစ်ရံတွင် ထိုလက်ဆောင်များကို သင်၏စိတ်အတွင်းသို့ သယ်ဆောင်လာနိုင်ခဲ့သော်လည်း တစ်ခါတစ်ရံတွင် သင်သတိမပြုမိသည်လည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့သော် သင်၏ဘဝတွင် ဘုရားသခင်၏လက်တော်ဖြင့် ထိတွေ့ပြီးသောအခါတွင် သင်သိရှိပါလိမ့်မည်။

ကျွန်ုပ်ဆုတောင်းသည်မှာ ကောင်းကင်ဘုံရှင်အဖနှင့်ကယ်တင်ရှင်သခင်တို့ကျွန်ုပ်တို့အတွက် ပြုလုပ်ပေးခဲ့သော ကောင်းကြီးများကို သတိထားမိခြင်း၊ မှတ်မိစေခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းခြင်းများကို ယုံကြည်ခြင်းဖြင့် ဆက်လက်ကြိုးစားအားထုတ်ပါရန်နှင့်သူတို့မှကျွန်ုပ်တို့အားအိမ်အပြန်လမ်းအားဖွင့်လှစ်ပေးရန်တို့ပင်ဖြစ်ပါသည်။

**မှတ်ချက်**

၁။ အက်ဇာရာ တပ်ဖ် ဘင်စင်၊ ဘုရားသခင်၊ မိသားစု၊ တိုင်းပြည်–ကျွန်ုပ်တို့၏ သုံးဦးသော ကြီးမားစွာ သစ္စာစောင့်သိသူများ (၁၉၇၄)၊ ၁၉၉။

၂။ စပန်ဆာ ဒဗလျူ ကင်းဘော၊ "ပရောဖက်တို့၏စကားအားနားထောင်ကြလော့" အင်ဖိုင်း၊ မေ ၁၉၇၈၊ ၇၇။

## ဤအမှာစကားမှ သင်ကြားချက်

ဥက္ကဋ္ဌကြီး အိုင်းရင်း၏အမှာစကားတွင် ကောင်းကင်ဘုံရှင်အဘ၏ သနားကြင်နာတော်မူခြင်းကို ဆုတောင်းခြင်းဖြင့် အောက်မေ့စေရန် တိုက်တွန်းထားပါသည်။ သင်ကိုယ်တိုင် သင်တန်းသားများနှင့် ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် ဆုတောင်းခြင်းအားဖြင့် ဘုရားသခင်၏လက်တော်တွင်းမှကျွန်ုပ်တို့ဘဝအား ပြန်လည်အောက်မေ့နိုင်ကြောင်းကို သင်ပြဆွေးနွေးပါ။ သင်ကိုယ်တိုင်သင်ကြားသောသူများနှင့်အတူ ဒူးထောက်ဆုတောင်းပြီး သူ(သို့မဟုတ်) သူမဆုတောင်းနေစဉ်တွင် ကျေးဇူးတင်ခြင်းအားဖော်ပြရန် သုံးသပ်ဆင်ခြင်ပါ။

သင်၏ကျေးဇူးတော်ချီးမွမ်းခြင်းသည် အရေးကြီးကြောင်းကို ဥက္ကဋ္ဌကြီး အိုင်းရင်းညွှန်ပြထားသောကျမ်းပိုဒ်များအပြင် ဖော်ပြပါကျမ်းပိုဒ်များအားလည်းဖြည့်စွက်လေ့လာနိုင်ပါသည်။ ဆာလံကျမ်း ၁၀၀၊ မိုဖိုင်း ၂း၁၉–၂၂၊ အယ်မာ ၂၆း၈၊ ၃၄း၃၈၊ ယုံကြည်ခံယူချက်နှင့်ပဋိညာဉ်ကျမ်း ၅၉း၂၁၊ ၇၈း၁၉၊ ၁၃၆း၂၈။

## လူငယ်ကဏ္ဍ

### မှတ်တမ်းအသေးစိတ်ထားရှိပါ

ဥက္ကကြီး စပင်ဆာ ဒဗလျူကင်းဘော၏ ပြောကြားချက်ကိုဥက္ကဋ္ဌကြီး အိုင်းရင်းမှကိုးကားသည်မှာ "နေ့စဉ်မှတ်တမ်းများသည် ကျွန်ုပ်တို့ရရှိသော ကောင်းကြီးများအားရေတွက်ခြင်းနှင့် နောင်လာနောက်သားများအတွက် ကျွန်ုပ်တို့ရရှိခဲ့သောကောင်းကြီးများကို မှတ်တမ်းအသေးစိတ်အဖြစ်ထားရှိခဲ့ခြင်းပင်ဖြစ်သည်။" ၂၀၁၂ခုနှစ်အောက်တိုဘာလ အထွေထွေ ညီလာခံတွင် ဥက္ကဋ္ဌကြီး သောမတ်အက်စ်မွန်ဆင် သူ၏မှတ်တမ်းရေးခြင်းကို သက်သေခံသွားပါသည်။ သူ၏ဘဝမှအချို့သောအတွေ့အကြုံများကိုလည်း မျှဝေသည်မှာ "ကျွန်ုပ်၏နေ့စဉ်မှတ်တမ်း ကျွန်ုပ်ကျော်ဖြတ်ခဲ့သော နှစ်တော်တော်များများကို သိမ်းဆည်းထားနိုင်သကဲ့သို့ ကျွန်ုပ်ကိုယ်တိုင် မမှတ်မိနိုင်တော့သော အကြောင်းအရာအချို့ကို တိကျစွာအသေးစိတ် ပြန်လည်ဖော်ထုတ်နိုင်ခဲ့သည်"။ သူအကြံပေးသည်မှာ "သင်၏ဘဝအား အသေးစိတ် မှတ်တမ်းတင်၍ သင်ရရှိခဲ့သော ကောင်းကြီးများအား ကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ တိကျစွာပြန်လည်စိစစ်ကြည့်ပါ" ("ကောင်းကြီးများအား တွေးတောဆင်ခြင်ပါ၊" လိုင်ယာဟိုးနား နှင့် အင်ဖိုင်း၊ နိုဝင်ဘာ ၂၀၁၂၊ ၈၆)။ ဖော်ပြပါ ပရောဖက်များ၏အကြံဉာဏ် အတိုင်း သင်၏မှတ်တမ်းကိုရေးသားခြင်းဖြင့် ပန်းတိုင်ရောက်အောင် လုပ်ဆောင်ပါ။

## ကလေးများကဏ္ဍ

### ကျေးဇူးတင်ခြင်းအား အမျိုးမျိုးသောနည်းလမ်းများဖြင့်ပြောဆိုနိုင်ပါသည်

"တကမ္ဘာလုံး၏နောက်ဆုံးနေ့၊

ကောင်းကင်ဘုံရှင်အဖ၏ သားသမီးများသည် ဒူးထောက်၍ ဆုတောင်းကြသည်၊

သူ့ကိုယ်ပိုင် သီးသန့်နည်းလမ်းဖြင့် ပြောသောစကားတိုင်းတွင် သင့်အားကျေးဇူးတင်နေပါသည်။"

"တကမ္ဘာလုံးရှိကလေးငယ်များ၊" ကလေးငယ်များသီချင်းစာအုပ် ၁၆။

မြေပုံတစ်ခုအားအသုံးပြု၍ နိုင်ငံပေါင်းမည်မျှရှိပြီး ထိုနိုင်ငံများတွင် မည်သည့်ဘာသာစကားများပြောဆိုသည်ကို ခွဲခြားရွေးထုတ်ကြည့်ပါ။ အချို့သော ဘာသာစကားများသည် နိုင်ငံတစ်ခုထက်မကပိုမိုသုံးစွဲကြပါသည်။

၁။ gracias (စပိန်ဘာသာစကား)

၂။ malo (တွန်ဂါဘာသာစကား)

၃။ thank you (အင်္ဂလိပ်ဘာသာစကား)

၄။ shukriyaa (ဟိန္ဒူဘာသာစကား)

၅။ spaseba (ရုရှဘာသာစကား)

၆။ arigatō (ဂျပန်ဘာသာစကား)

၇။ obrigado (ပေါ်တူဂီဘာသာစကား)

၈။ asante (ဆွာဟီလီဘာသာစကား)

၉။ merci (ပြင်သစ်ဘာသာစကား)

© 2003 Intellectual Reserve, Inc အားဖြင့် မှတ်ပုံတင်ပြီး မူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန် ပြည်ထောင်စုတွင် ပုံနှိပ်ထုတ်ဝေသည်။ အင်္ဂလိပ်ဘာသာ ခွင့်ပြုချက်၊ 6/12။ ဘာသာပြန်ခွင့်ပြုချက် 6/12။ *First Presidency Message, August 2013 အား ဘာသာပြန်ဆိုခြင်း။* Burmese 10668 256